ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လွိုင်ကော်-ရှားတောမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇-၂၀၁၈)

## Village Development Plan(VDP)


လွိုင်ကော်မြို့နယ်၊ ကုန်းသာကျေးရွာအုပ်စု၊ ဂါဆောင်ကျေးရွာ

# မာတိကာ


**အကြောင်းအရာ** **စာမျက်နှာ**


| | |
|---|---|
| ၁။ မြို့နယ်ပြမြေပုံ | ၃ |
| ၂။ အုပ်စုမြေပုံ | ၄ |
| ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၅ |
| ၄။ ကျေးရွာသမိုင်းကြောင်း(ကျေးရွာအခြေခံအချက်အလက်များ) | ၆ |
| ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၇ |
| ၆။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ | ၈ |
| ၇။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက် | ၉ |
| ၈။ ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ | ၁၀ |
| ၉။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ဇယားသုံးသပ်ချက် | ၁၁ |
| ၁၀။ ရာသီခွင်ပြဇယား | ၁၂ |
| ၁၁။ ရာသီခွင်ပြဇယားသုံးသပ်ချက် | ၁၃ |
| ၁၂။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု | ၁၄ |
| ၁၃။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု သုံးသပ်ချက် | ၁၆ |
| ၁၄။ ပင့်ကူအိမ်ပြပုံ (ကျား၊မ) | ၁၇ |
| ၁၅။ ပင့်ကူအိမ်သုံးသပ်ချက် (ကျား၊မ) | ၁၈ |
| ၁၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၁၉ |
| ၁၇။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက် | ၂၀ |
| ၁၈။ ကော်မတီဝင်များစာရင်း | ၂၂ |
| ၁၉။ ကျေးရွာအချက်အလက်များ (ပုံစံ-၁) | ၂၅ |
| ၂၀။ စီမံကိန်းအချိန်ဇယား (ပုံစံ-၂) | ၂၇ |
| ၂၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၂၉ |
| ၂၂။ အစည်းအဝေးမှတ်တမ်းများ | ၃၆ |
| ၂၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၄၀ |
| ၂၄။ ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းဇယား | ၄၂ |
| ၂၅။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ | ၄၃ |

# လွိုင်ကော်မြို့နယ်မြေပုံ



လွိုင်ကော်မြို့နယ်
N
စကေး - ၁လက်မ = ၄မိုင်
ရှမ်းပြည်နယ်
ရှားတောမြို့နယ်
ဒီးမော့ဆိုမြို့နယ်
ဘောလခဲမြို့နယ်
ဖယ်ခုံသို့
ရှားတောသို့
ပွန်ချောင်း
သိလွန်ချောင်း
ရှည်ညွှန်းချက်
နိုင်ငံတော်နယ်နိမိတ်
ပြည်နယ်နယ်နိမိတ်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
မြစ်ချောင်း
ကားလမ်း


ကုန်းသာကျေးရွာအုပ်စုမြေပုံ
လယ်ကွင်း

.လူထုဗဟိုပြုစီမံကိန်းမှ လူထုပူးပေါင်းပါဝင်သောနည်းဖြင့် ဒုတိယနှစ်စီမံကိန်း မိတ်ဆက်အစည်းအဝေး

(၂၀၁၇-၂၀၁၈ ) ခုနှစ်

ကျေးရွာအုပ်စုအမည် - **ကုန်းသာ** ကျေးရွာအမည် - **ဂါဆောင်** ရက်စွဲ -၂၄.၁၀.၂၀၁၇

**၁။ ကျေးရွာသမိုင်းကြောင်း**

ဂါဆောင်ဆွေမျိုးစုသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ဖယ်ခုံမြို့နယ်ရီနွဲ့ကျေးရွာအုပ်စု စိန်မော့ ကျေးရွာမှ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ကုန်သာကျေးရွာအုပ်စု၊ ဂါဆောင်ကျေးရွာတွင် လာရောက်အခြေချနေထိုင်ခဲ့ကြပါသည်။ ဂါဆောင်ကျေးရွာသည် ၁၀/၂/၁၉၇၀ ခုနှစ်တွင် ဦးစောကီနီ နှင့် ဦးမောင်ရင်၂အိမ်ထောင်စု(လူဦးရေ၈ ဦး)တို့ကစတင်တည်ထောင်ခဲ့ပါသည်။ ဂါဆောင်ဆွေမျိုးစုများသည် ဂါဆောင်ကျေးရွာမတည်ထောင်မှီ ကုန်းသာကျေးရွာတွင် ကယန်းလူမျိုးရောများနှင့် အတူတကွ နေထိုင်ခဲ့ရာမှ ဂါဆောင်လူမျိုးသီးသန့်နေထိုင်လိုသောကြောင့် ဂါဆောင်လူမျိုးစုများ အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေး၏ဆုံးဖြတ်ချက်အရ ဂါဆောင်လူမျိုးများသည် အားလုံးရွှေ့ပြောင်းပြီး တစ်စုတစ်စည်းနေထိုင်ရမည်နှင့် ဆွေမျိုးစုများနှင့်အတူမပြောင်းရွှေ့ပါက ဒဏ်ငွေ (၅၀) ကျပ်ပေးဆောင်ရ မည်ဟု သဘောတူလက်မှတ်ရေးထိုးခဲ့ကြပါသည်။ အချိန်အနည်းငယ်ကြာလာသည်နှင့်အမျှ ဂါဆောင် မိသားစုများဖြစ်သည့် (ခေါင်း၊ တိုင်၊ တူး နှင့် သန်း)တို့သည် ဂါဆောင်ကျေးရွာတွင် စုံလင်စွာ ရောက်နေထိုင်ခဲ့ကြပြီသည်။ ဂါဆောင်ကျေးရွာတွင် နေထိုင်သော ဂါဆောင်လူမျိုးများသည် တောင်ယာ၊ လယ်ယာစိုက်ပျိုးခြင်း၊ တောင်းပလိုင်းယက်လုပ်ခြင်း၊ မြေအိုးမြေခွက် ပြုလုပ်ခြင်းဖြင့် အသက်မွေး ဝမ်းကြောင်းပြုကြပါသည်။ ၁၉၇၀ ခုနှစ်တွင် အိမ်ထောင်စု ၂ စု(လူဦးရေ-၈ဦး)ဖြင့် စတင်တည်ထောင် ခဲ့သော ဂါဆောင်ကျေးရွာသည် ယခု ၂၀၁၇ ခုနှစ်တွင် အိမ်ထောင်စုပေါင်း ၉၅ စု(လူဦးရေ-၄၉၉ဦး) အထိတိုးပွားလာပြီဖြစ်သည်။ နောင်နှစ်များတွင်လည်း လူဦးရေနှင့်အိမ်ထောင်စုများ ဒီထက်မက တိုးပွားလာပြီး ကျေးရွာလည်းယခု အခြေအနေထက် ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ပါသည်။

**မှတ်တမ်းတင်သူ**

အမည် - ဦးကာပြေးလယ်

ရာထူး - CF

## ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁။ | ကုန်းသာ | ပီကင်းကောရူ | |
| ၂။ | | ဂါရီကောရူ | |
| ၃။ | | ဆောင်ကန်း | |
| ၄။ | | ကုန်းသာ | |
| ၅။ | | ဂါဆောင် | |
| ၆။ | | သရက်ပင် | |
| ၇။ | | | |
| ၈။ | | | |
| ၉။ | | | |
| ၁၀။ | | | |
| ၁၁။ | | | |
| ၁၂။ | | | |
| ၁၃။ | | | |
| ၁၄။ | | | |
| ၁၅။ | | | |
| ၁၆။ | | | |
| ၁၇။ | | | |
| ၁၈။ | | | |
| ၁၉။ | | | |
| ၂၀။ | | | |

# လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးအရင်းအမြစ်ပြမြေပုံ (social Map/ Resource Map) | ၂၀၁၇.၁၀.၂၄ | ရပ်မိရပ်ဖ ကော်မတီဝင်များ | ၃၄ | ၃၉ | ၇၃ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ လယ်ယာမြေ၊မြစ်ချောင်း၊ ရေတွင်းရေကန်သစ်တောများ |
| ၂ | ဉစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက် (Wealth Ranking) | ၂၀၁၇.၁၀.၂၄ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးအုပ်စု | ၃၄ | ၃၉ | ၇၃ | ကျေးရွာလူမှုစီးပွားအုပ်စုများ၊ခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်း ကျေးရွာသားများနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၀၁၇.၁၀.၂၄ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၃၄ | ၃၉ | ၇၃ | အမျိုးသမီးနှင့် အမျိုးသားများ ပိုင်ဆိုင်ပြီး ထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှု(သို့) အရင်းအမြစ်များကို သုံးသပ်ခြင်း |
| ၄ | ရာသီခွင်ပြက္ခဒိန် Seasonal Calender | ၂၀၁၇.၁၀.၂၄ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၃၄ | ၃၉ | ၇၃ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ ဝင်ငွေထွက်ငွေ၊မွေးမြူရေးလုပ်ငန်းများ၊ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၂၀၁၇.၁၀.၂၄ | အမျိုးသား၊ အမျိုးသမီးများ | ၃၄ | ၃၉ | ၇၃ | အမျိုးသား၊အမျိုးသမီးများ ဘတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်ပုံ(Venn Diagram) | ၂၀၁၇.၁၀.၂၄ | ကျေးရွာလူမှုဖွံ့ဖြိုးရေးအဖွဲ့၊အုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာစီထောက်အဖွဲ့ | ၃၄ | ၃၉ | ၇၃ | ကျေးရွာတွင်ရှိအဖွဲ့အစည်းများနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက်ချိတ်ဆက်ဆောင်ရွက်လုပ်ကိုင်မှု |

## ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံ ရေးဆွဲခြင်း

မြို့နယ် - လှိုင်ကော်  ကျေးရွာအုပ်စု- ကုန်းသာ  ကျေးရွာ- ဂါဆောင်  ရက်စွဲ - ၄/၁၀/၂၀၁၇



ပါဝင်ဆွေးနွေးသူ -  မှတ်တမ်းတင်သူ

ကျား - ၃၄  အမည်- ဦးကာဖြေးလယ်

မ - ၃၉  ရာထူး -လူထုစည်းရုံးရေးမှူး

## ကျေးရွာအရင်းအမြစ်ပြမြေပုံ ဆွေးနွေးသုံးသပ်ချက်

ဂါဆောင်ကျေးရွာသည် အိမ်ခြေ (၉၅)အိမ် ရှိသောကျေးရွာ တစ်ရွာဖြစ်သည်။ ဂါဆောင်ကျေးရွာနေ လူထုများသည် ကယန်းလူမျိုးများဖြစ်ကြသည်။ ကယန်း+ကယား၊ ကယန်း+ကရင် နှင့် ကယန်း+ဗမာ လူမျိုးရော အိမ်ထောင်စု (၃) စုလည်းရှိပါသည်။ တစ်ရွာလုံးနီးပါး ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြပြီး လူမျိုးရော (၃) အိမ်ထောင်စု က ဘာသာရောကိုးကွယ်ကြပါသည်။ ဂါဆောင်ကျေးရွာနေ လူထုများသည် တောင်ယာ၊ လယ်ယာ လုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြပါသည်။ တစ်ချို့က တောင်း ၊ ပလိုင်း ယက်လုပ်ခြင်းဖြင့် လည်း အသက်မွေးဝမ်းကြောင်းပြုကြသည်။ ယခင်က သောက်သုံးရေ မဖူလုံသော ဂါဆောင်ကျေးရွာသည် ယခုနှစ် ၂၀၁၇ တွင် CDD မှ ရေပိုက်ပြုပြင်ခြင်း နှင့် ရေသိုလှောင်ကန်တစ်ကန်ထောက်ပံ့ပေးခြင်း ၊ကျေးလက်ဦးစီးဌာနနှင့် ယူနီဆက်ပူးပေါင်းပြီး အဝီစိ တွင်းတစ်တွင်းနှင့် ရေကန်တစ်ကန်ထောက်ပံ့ပေးခြင်းဖြင့်သောက်သုံးရေဖူလုံလာပါသည်။ ရွာတွင်းလမ်း များသည် အများအားဖြင့် မြေသားလမ်းများဖြစ်သောကြောင့်မိုးရာသီချိန်တွင် လမ်းချောကာသွားလာ ရန်ခက်ခဲပါသည်။ ဂါဆောင်ကျေးရွာတွင် အမက ကျောင်းရှိပြီး လုံလောက်သော စာသင်ကြားပေးသူ ဆရာ/ဆရာမလည်းရှိပါသည်။ သို့သော်စာသင်ဆောင်သည် အမိုးအကာလုံခြုံမှုမရှိဘဲ ပျက်ယွင်းနေပါ သည်။ အမကကျောင်းပြီးဆုံးပြီး အလယ်တန်း နှင့် အထက်တန်းများကို ပညာဆက်လက်သင်ကြားလိုပါက ကျောင်းသူ/ကျောင်းသားများသည် ကုန်းသာ အထကခွဲကျောင်းသို့ ဆက်လက်ပညာသင်ကြားကြပါသည်။ နွမ်းပါးကျောင်းသားများသည် အလယ်တန်း ၊ အထက်တန်း ပညာများကိုဆက်လက်သင်ကြားနိုင်ရန် ပညာရေးထောက်ပံ့ပေးသော ကျောက်တန်းမြို့သို့သွားရောက် ပညာသင်ယူကြပါသည်။

ဂါဆောင်ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသောကြောင့် ကျန်းမာရေးဆိုင်ရာ ကုသရာ တွင် အချိန်ကြန့်ကြာခြင်းနှင့် ကြုံတွေ့ကြရပါသည်။ မိခင် နှင့်ကလေး ကာကွယ်ဆေးထိုးခြင်း၊ ပေါင်ချိန်ခြင်း နှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စများကို ကုန်းသာကျန်းမာရေးဌာနခွဲသို့သွားရောက် ကုသမှုခံယူကြရပါသည်။

ဂါဆောင်ကျေးရွာ တစ်ရွာလုံးအတွက် လျှပ်စစ်ဖြန့်ဝေပေးသော်လည်း မီတာဘောက်ဝယ်ယူ ရေးတပ်ဆင်ရန် ငွေကြေးမတတ်နိုင်သော အိမ်ထောင်စု တစ်ချို့က လျှပ်စစ်မီးသုံးစွဲခြင်းမရှိသေးပါ။ ဂါဆောင်ကျေးရွာ အနေဖြင့် မည်သည့်ရာသီတွင်မဆို အဆင်ပြေစွာသွားလာရန်အတွက် ရွာတွင်းလမ်းများ မြေသားလမ်းများမှ ကျောက်ချောလမ်းအဖြစ်ပြုပြင်ရန် လိုအပ်ပါသည်။

**ဥစ္စာဓနအဆင့် ခွဲခြားမှု စံနမူနာပုံစံ**

**မြို့နယ် - လှိုင်ကော်     ကျေးရွာအုပ်စု- ကုန်းသာ     ကျေးရွာ- ဂါဆောင်     ရက်စွဲ - ၂၄/၁၀/၂၀၁၇**

| **အမျိုးအစား** | **သတ်မှတ်ချက်/ညွှန်းကိန်းများ** | **အိမ်ထောင်စု အရေးအတွက်** | **ရာခိုင်နှုန်း** |
|---|---|---|---|
| ချမ်းသာ | လယ်(၁၀) ကေ နှင့်အထက်၊ တောင်ယာ (၃)ကေ နှင့်အထက် ၊ဆိုင်ကယ်(၂)စီး(၃)စီး ၊ဂင်ငွေကောင်း၊ ကား၊ ထော်လဂျီ၊ တိုက်အိမ်၊ တီဗီ ၊ | ၂၀ | ၂၁ % |
| အလယ်အလတ် | လယ်ယာ (၃) ကေ နှင့်အထက် ၊ဆိုင် ကယ် (၁)စီး ၊ ဂင်ငွေလုံလောက်မှုရှိ၊ ကလေးကျောင်းထားနိုင်၊ထော်လဂျီ၊တီဗီ၊ ပျဉ်အိမ် | ၃၀ | ၃၁.၆ % |
| ဆင်းရဲ/နွမ်းပါး | ပျဉ်ထောင်အိမ်၊တစ်ချို့ထန်းရံအိမ်၊ ဆိုင်ကယ် (၁)စီး၊ တီဗီ၊ လယ်မရှိ၊ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်း | ၄၅ | ၄၇.၄% |
| | **စုစုပေါင်း** | **၉၅** | **၁၀၀%** |

ပါဂင်ဆွေးနွေးသူ

ကျား-

မ-

**မှတ်တမ်းတင်သူ**

အမည်     ဦးကာပြေးလယ်

ရာထူး     CF

## ဥစ္စာဓန ကြွယ်ဝမှု ဆွေးနွေးသုံးသပ်ချက်

အိမ်ခြေပေါင်း (၉၅)အိမ် ရှိသော ဂါဆောင်ကျေးရွာသည် ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက် ချမ်းသာအဆင့် (၂၀)အိမ် ၊ အလယ်အလတ်အဆင့် (၃၀) အိမ်နှင့် နွမ်းပါးအဆင့်(၄၅) အိမ် ဟူ၍ လူနေမှုအဆင့် (၃)လွှာကို ခွဲခြား သတ်မှတ်ထားပါသည်။

ချမ်းသာအဆင့်၏ သတ်မှတ်ချက်မှာ လယ် (၁၀) ဧက အထက်၊ တောင်ယာ (၃) ဧက အထက်ရှိပြီး ဆိုင်ကယ် (၂) စီးမှ (၃) စီး၊ ငွေကောင်းသောအိမ်ထောင်စု ၊ကား ၊ ထော်လဂျီ ၊ တိုက်အိမ်၊ အုတ်တစ်ထပ်ပျဉ်ထောင်အိမ် ၊ တီဗီ၊ SKY NET စသည့်ပစ္စည်း ဥစ္စာများ ပိုင်ဆိုင်ထားကြပါသည်။


အလယ်အလတ် အဆင့်၏ သတ်မှတ်ချက်မှာ လယ်ယာနှင့်တောင်ယာပေါင်း (၃) ဧက အထက် ၊ဆိုင်ကယ် (၁)စီး၊ ဝင်ငွေလုံလောက်မှုရှိ၊ ကလေးကျောင်းထားနိုင် ၊ တစ်ချို့မှာ ထော်လဂျီရှိ၊ တီဗီနှင့် သွပ်မိုးပျဉ်ထောင်အိမ် စသည့်တို့ကို ပိုင်ဆိုင်ထားကြပါသည်။

နွမ်းပါးအဆင့်၏ သတ်မှတ်ချက်မှာ လယ်မရှိ ၊ရွှေ့ပြောင်းတောင်ယာ၊ တစ်ချို့မှာ သွပ်မိုးပျဉ်ထောင် အိမ် ၊တစ်ချို့မှာ သက်ကယ်မိုး ထန်းရုံအိမ် ၊ဆိုင်ကယ် (၁)စီး၊ တီဗီ စသည့်တို့ကို ပိုင်ဆိုင်ထားသော အိမ်ထောင်မိသားစု များဖြစ်ပါသည်။

နွမ်းပါးရခြင်းအကြောင်းအရင်းမှာ ကိုယ်ပိုင်လယ်မြေမရှိခြင်း ၊ ပုံမှန်ဝင်ငွေမရှိခြင်း ၊အကြွေးများခြင်း ၊ အရင်း အနှီးမရှိခြင်း၊ ကလေးများခြင်း ၊အမျှော်အမြင်နည်းပါးခြင်း စသည့်တို့ကြောင့်ဖြစ်ပါသည်။ နွမ်းပါးသော အိမ်ထောင်စုများသည် နေစားလိုက်ခြင်း၊ ပန်းရံလိုက်ခြင်း၊ လက်သမားလုပ်ငန်းဆောင်ရွက်ခြင်း၊ တောင်းပလိုင်းယက်ခြင်းဖြင့် သားသမီးတို့၏ပညာရေးနှင့် မိသားစု၏စားဝတ်နေရေးကို လုံးပန်းဖြေရှင်းကြရပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ဆင်းရဲနွမ်းပါးသူများပါဝင်နိုင်ရန်အတွက် ၎င်းတို့၏ အလုပ်ပါးသော အချိန်နှင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် ၎င်းတို့၏ပူးပေါင်းမှု အကြံပေးမှုတို့ကိုလိုအပ်ကြောင်း သဘောပေါက်နားလည်ရန် ရှင်းပြခြင်းဖြင့်ပါဝင်စေသည်။

# ရာသီခွင်ပြ ပြက္ခဒိန်

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု |  | | | | | | | | | | | |
| စိုက်ပျိုးရေး | ကြက်သွန်နှုတ် | စပါးစိုက်၊ပြောင်းစိုက် ပဲစေ့ငုံစိုက် | | | | | စပါးရိတ်၊ပြောင်းရိတ်သိမ်း မြေပဲနုတ် | | ကြက်သွန်စိုက် | ပဲစေ့ငုံ ရှူး | | |
| ဝင်ငွေ | $$ | $ | $ | $ | $ | | | $$$ | $$$ | $$$ | $$$ | |
| ထွက်ငွေ | $ | $$$ | $$$ | $$$ | $ | $ | $$ | $$ | $ | $ | $ | |
| ကျန်းမာရေး | | သွေးလွန်တုတ်ကွေး | | | | | | | | နှာစေး၊ချောင်းဆိုး ဝမ်းလျော | | |
| ပွဲလမ်းသဘင် | မင်္ဂလာဆောင်ပွဲ | | | | | | | သချိုင်းမီးထွန်းပွဲ | ခရစ္စမတ်ပွဲ | မင်္ဂလာဆောင်ပွဲ | | |
| သောက်သုံးရေ ရရှိမှု | ရေရှားပါးခြင်း | | ရေလုံလောက်မှုရှိ | | | | | | | | | ရေရှားပါးခြင်း |
| အားလပ်ချိန် | အလုပ်ပါးချိန် | | | | | | | | | | | အလုပ်ပါးချိန် |

ပါဝင်ဆွေးနွေးသူ -

ကျား - ၃၄

မ - ၃၉

မှတ်တမ်းတင်သူ

အမည် -ဦးကာပြေးလယ်

ရာထူး -လူထုစည်းရုံးရေးမှူး

# ရာသီခွင်ပြက္ခဒိန်ဆွေးနွေးသုံးသပ်ခြင်း

ဂါဆောင်ကျေးရွာ၏ အဓိက စိုက်ပျိုးသောသီးနှံများမှာ ပြောင်း၊ စပါး၊ ပဲစဉ်းငုံနှင့် ကြက်သွန်ဖြူ/နီ တို့ကိုစိုက်ပျိုးကြပါသည်။ ပြောင်း ၊ပဲစဉ်းငုံ ကို တစ်ရွာလုံးနီးပါး စိုက်ပျိုးကြပြီး စပါးနှင့် ကြက်သွန်ကို ကျေးရွာရှိအိမ်ခြေတစ်ဝက်လောက်သာ စိုက်ပျိုးကြပါသည်။ ရာသီဥတုဖောက်ပြန်ခြင်းနှင့်တွေ့ကြုံရပါက စိုက်ပျိုးရေလုံလောက်မှုမရှိခြင်း၊ စိုက်ပျိုးချိန်နောက်နေးခြင်းများနှင့်လည်းကြုံတွေ့ရပါသည်။ ထို့အပြင် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ သိရှိမှုနည်းပါးသည့်အတွက် ပိုးကျခြင်း ၊ပိုးဖျက်ခြင်း အပင်ကောင်းစွာ မပြုစုတတ်သည့်အတွက်ကြောင့် သီးနှံအထွက် နည်းပြီး ဝင်ငွေလည်းကျဆင်းလျော့နည်းသွားပါသည်။ သီးနှံအထွက်နည်းသည့်အပြင်သီးနှံဈေးနှုန်းပါကျဆင်းမှုနှင့် ကြုံတွေ့ရပါက ၎င်းတို့ကို စိုက်ပျိုးချိန်တွင် ချေးငွေယူထားသော အရင်းအနှီး ပြန်မဆပ်နိုင်ဘဲ အကြွေးများ များသည် ထက်များလာသော အိမ်ထောင်စုများလည်း ရှိပါသည်။

ဂါဆောင်ကျေးရွာနေကျေးလက်ပြည်သူများ၏ ကျန်းမာရေးအနေဖြင့် ရာသီကူးပြောင်းကာလဖြစ်သော နွေမှ မိုး ၊မိုးမှ ဆောင်း ၊ ဆောင်းမှ နွေ အချိန်တွင် နှာစေး ချောင်းဆိုး ရောဂါ ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်တတ်ကြသောကြောင့် ကျန်းမာရေးပြဿနာနှင့် အမြဲတွေ့ကြုံကြရပါသည်။

သောက်သုံးရေအနေဖြင့် ယခင်နှစ်များ၏ နွေရာသီတွင် ဖူလုံမရှိပါ။ သို့သော် ယခုနှစ် တွင် CDD မှရေပိုက်ပြုပြင်ပေးခြင်းနှင့် ရေလှောင်ကန်တစ်ကန်တည်ဆောက်ပေးခြင်း၊ ကျေးလက်ဦးစီးဌာနမှ ယူနီဆက်နှင့် ပူးပေါင်းကာ အဂီစီတွင်းတစ်တွင်းနှင့် ရေလှောင်ကန်တစ်ကန် ထောက်ပံ့ပေးခြင်းတို့ကြောင့် သောက်သုံးရေလုံလောက်မှု ရရှိခဲ့ပါသည်။

ဂါဆောင်ကျေးရွာ၏ ဝင်ငွေ ထွက်ငွေများအနေ ဖြင့် စပါး၊ ပြောင်း၊ ပဲစဉ်းငုံ၊ကြက်သွန် စသည့် သီးနှံများ ရိတ်သိမ်းပြီးချိန်မှာ ဝင်ငွေအများဆုံးအချိန်ဖြစ်ပြီး သီးနှံစိုက်ပျိုးပေါင်းလိုက် နှင့်ရိတ်သိမ်းအချိန်တွင်မှာ ထွက်ငွေအများဆုံး အချိန်ဖြစ်ပါသည်။

မတ်လ နှင့်ဧပြီလတွင် ဂါဆောင်ကျေးရွာ အနေဖြင့် အလုပ်ပါးသော အချိန်ဖြစ်ပါသည်။ အလုပ်ပါးသောအချိန်တွင် ဂါဆောင်ကျေးရွာနေ ကျေးလက်ပြည်သူများသည် ပန်းရံလိုက်ခြင်း၊ လက်သမားလုပ်ခြင်း၊ ကျဘမ်း အလုပ်လုပ်ခြင်းနှင့် တောင်းပလိုင်းယက်ခြင်းဖြင့် ဝင်ငွေရှာကြပါသည်။

# အရင်းအမြစ်သုံးစွဲမှုပုံစံပြဇယား

| ကျား | မ | ကျား + မ |
|---|---|---|
| အားကစားကွင်း | | အုတ်ကန်ရေတိုင်ကီ |
| | | တောင်ယာ/လယ်ယာ |
| | | မူကြိုကျောင်း |
| | | လမ်း |
| | | အိမ် |
| | | စာသင်ကျောင်း |
| | | ဆိုင်ကယ် |
| | | ထော်လဂျီ |
| | | ကား |
| | | တီဗီ |
| | | ဘုရာကျောင်း |
| | | သချိုင်းကုန်း |
| | | ရေမီး |
| | | ဂါး၊သစ်ပင် |

# အရင်းအမြစ်ထိန်းချုပ်မှု/ဆုံးဖြတ်မှုပုံစံပြဇယား


| ကျား | မ | ကျား + မ |
|---|---|---|
| ရေ ၊မီး | | စာသင်ကျောင်း |
| ဂါး ၊ သစ်ပင် | | မူကြိုကျောင်း |
| တံ ၊တား | | အိမ် |
| အားကစားကွင်း | | တောင်ယာ/လယ် |
| အုတ်ကန်ရေတိုင်ကီ | | ဆိုင်ကယ် |
| | | ထော်လဂျီ |
| | | ကား |
| | | ဖုန်း |
| | | တီဗီ |
| | | ဘုရားကျောင်း |
| | | သချိုင်းကုန်း |

## ပိုင်ဆိုင်မှုအရင်းအမြစ် ဆန်းစစ်ခြင်း

ပိုင်ဆိုင်မှု( အရင်းအမြစ်) သုံးစွဲမှုပြဇယားတွင် ပိုင်ဆိုင်မှုများအားလုံးကို အမျိုးသားနှင့် အမျိုးသမီး တန်းတူသုံးစွဲအသုံးပြုကြပါသည်။ အားကစားကွင်းတစ်ခုသည်သာ အမျိုးသားသီးသန့်သုံးစွဲထားပါသည်။ အမျိုးသမီးသီးသန့်သုံးစွဲသော အရင်းအမြစ်ဟူ၍မရှိပါ။

ပိုင်ဆိုင်မှု (အရင်းအမြစ်) ထိန်းချုပ်မှုပြဇယားတွင် အရင်းအမြစ်အများစုကို အမျိုးသားနှင့် အမျိုးသမီး တို့အတူတကွ ထိန်းချုပ်ထားပါသည်။ အမျိုးသားများထိန်းချုပ်ထားသော အရင်းအမြစ်မှာ အုတ်ကန်ရေတိုင်ကီ၊ ရေ ၊ မီး ၊ အားကစားကွင်း၊တံတား များဖြစ်ပါသည်။ အမျိုးသမီးများသီးသန့်သုံးစွဲသော အရင်းအမြစ်မရှိသကဲ့သို့ သီးသန့်ထိန်းချုပ်ထားသော အရင်းအမြစ်များလည်းမရှိပါ။ အမျိုးသားများက အမျိုးသမီးများထက် အရင်းအမြစ် ပိုမို ထိန်းချုပ်ရသည့် အကြောင်းအရင်းမှာ တစ်ချို့အရင်းအမြစ်များသည် အမျိုးသမီးများ မထိန်းချုပ်တတ်ခြင်း ၊ အန္တရာယ် ရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

# ပင့်ကူအိမ်သုံးသပ်ခြင်းပြပုံ



| | |
|---|---|
| **ပါဝင်ဆွေးနွေးသူ** | **မှတ်တမ်းတင်သူ** |
| ကျား- ၃၄ | အမည်  ဦးကာပြေးလယ် |
| မ-  ၃၉ | ရာထူး  CF |

## ပင့်ကူအိမ်ဆွေးနွေးသုံးသပ်ချက်


ဂါဆောင်ကျေးရွာသည် ပင့်ကူအိမ်သုံးသပ်ချက်အရ အမျိုးသားနှင့် အမျိုးသမီးများသည် တန်းတူညီမျှသောအချက်များရှိသကဲ့သို့ အခွင့်အရေးမညီမျှကွဲပြားခြားနားသော အချက်များလည်းရှိပါသည်။ ပညာသင်ယူခွင့်၊ ဦးဆောင်မှုနှင့်ငွေရရှိမှုဆိုသော အခက်များတွင် အမျိုးသမီးနှင့် အမျိုးသား ညီတူညီမျှ အခွင့်အရေး ရှိကြပါသည်။ အမွေရပိုင်ခွင့်တွင် အမျိုးသားနှင့် အမျိုးသမီး တန်းတူမရကြပေ။ အကြောင်းမှာ ကယန်းများ၏ အယူအဆဓလေ့အရ ၎င်းတို့၏ သားများသည် ၎င်းတို့ကို စောင့်ရှောက်မှာဖြစ်ပြီး သမီးများသည် အိမ်ထောင်ပြုပြီး အခြားသူ၏လူဖြစ်သွားမည်ဟု လက်ခံထားကြသောကြောင့် ရှေးရိုးစွဲကြောင့်ဖြစ်ပါသည်။

လွတ်လပ်မှုမှာ အမျိုးသမီးနှင့် အမျိုးသားထက်နည်းရသည့် အကြောင်းမှာ အမျိုးသမီးများသည် မိဘများက ပို၍ထိန်းချုပ်ထားခြင်းနှင့် အိမ်ထောင်သည်အမျိုးသမီးဖြစ်ပါက အိမ်မှုကိစ္စနှင့်သာ အချိန်ကုန်နေရခြင်း ကလေးထိန်းနေရသောကြောင့် ဖြစ်ပါသည်။

အိမ်မှုကိစ္စများတွင် အမျိုးသားများထက် အမျိုးသမီးများက ပိုမိုလုပ်ဆောင်ကြပါသည်။ အကြောင်းမှာ အိမ်မှုကိစ္စသည် အမျိုးသမီး၏အလုပ်တာဝန်ဖြစ်သည်ဟုလက်ခံထားခြင်းနှင့် အမျိုးသမီးများက ကိုယ့်အသိစိတ်နှင့် ကိုယ်လုပ်ခြင်း၊ အမျိုးသားများသည် ခိုင်းမှသာလုပ်ခြင်းတို့ကြောင့်ဖြစ်သည်။

လုံခြုံမှုဆိုသည့်အချက်မှာ အမျိုးသားထက် အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ လုံခြုံမရှိသည့် အကြောင်းမှာ အမျိုးသမီးများသည် ဘေးအန္တရာယ်ကျရောက်ခဲ့ပါလျှင် ခုခံတုံ့ပြန်နိုင်စွမ်း အားနည်းခြင်းကြောင့်ဖြစ် ပါသည်။

## အဖွဲ့အစည်းများ ချိတ်ဆက်မှု ပြပုံ ( ကျေးရွာအတွင်း/ ကျေးရွာပြင်ပ)




**ပါဝင်ဆွေးနွေးသူ -**

ကျား - ၃၄

မ - ၃၉

**မှတ်တမ်းတင်သူ**

အမည်- ဦးကာပြေးလယ်

ရာထူး -လူထုစည်းရုံးရေးမှူး

## အဖွဲ့အစည်းချိတ်ဆက်မှု ဆွေးနွေးသုံးသပ်ချက်

ဂါဆောင်ကျေးရွာ၏ ကျေးရွာအုပ်ချုပ်ရေးမှူး နှင့် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ သည် ရပ်ရေးရွာရေး ၊လူမှုရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိက ဦးဆောင်လျက်ရှိပါသည်။

CA အသင်း ၊ သံတာအားနားအသင်း ၊မယ်တော်သမီးအသင်း၊ သူငယ်တော်ယေဖူးအသင်းနှင့် လူငယ်အဖွဲ့သည် ရပ်ရွာ၏သာရေးနာရေးတွင် ပူးပေါင်းပါဝင်လုပ်ဆောင်သော ဘာသာရေးအသင်းအဖွဲ့များဖြစ်ကြပါသည်။

World Vision အဖွဲ့သည် ရပ်ရွာအတွက် သောက်သုံးရေဖူလုံရန် ရေပိုက်သွယ်တန်းပေးခြင်းနှင့် ရေလှောင်ကန်များတည်ဆောက်ပေးခြင်း၊ မူကြိုကျောင်းတည်ဆောက်ပေးခြင်း၊ ကျေးရွာလူထုဗဟုသုတ ကြွယ်ဝရန် စာအုပ်စာပေနှင့် စာကြည့်တိုက်ထောက်ပံ့တည်ဆောက်ပေးခြင်း၊ ကလေးသူငယ်များ၏ကျန်းမာရေး၊ ပညာရေးစောင့်ရှောက်ပေးခြင်း၊ မူကြိုနေကလေးများအတွက် လစဉ်အာဟာရတိုက်ကျွေးခြင်း၊ မူကြိုဆရာမ လစာထောက်ပံ့ပေးခြင်း၊ အိမ်သာခွက်များ၊ မိုးပုံးစံခွက်များထောက်ပံ့ပေးခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် ခွဲစိပ်ကုသရန်လိုအပ်သော လူနာများကိုကူညီထောက်ပံ့ပေးခြင်း စသောကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးပါသည်။

မြစိမ်းရောင်အဖွဲ့သည် ကျေးရွာလူထုစိုက်ပျိုးရေး အရင်းအနှီးရရှိရန်အတွက် အတိုးနှုန်း နည်းချေးငွေကိုထောက်ပံ့ပေးပါသည်။

ဂရုဏာအဖွဲ့သည် ပညာဆက်လက်သင်ယူရန် အခက်အခဲရှိ ငွေကြေးမတတ်နိုင်နွမ်းပါးသော ကျောင်းသူကျောင်းသားများအတွက် စာအုပ်၊ ဘောပင် ၊ခဲတံ ၊ ကျောင်းဝတ်စုံနှင့် ရံဖန်ရံခါ စားနပ်ရိက္ခာထောက်ပံ့ပေးခြင်းစသည့်ဖြင့် ပညာရေးပိုင်းတွင်လိုအပ်သလိုထောက်ပံ့ပေးပါသည်။

CDDအဖွဲ့သည် ကျေးရွာလူထုသောက်သုံးရေဖူလုံရန်အတွက် ရေပိုက်များပြုပြင်ပေးခြင်း၊ ရေလှောင်ကန်တစ်ကန်တည်ဆောက်ပေးခြင်းနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် တာဝန်ယူ၊ တာဝန်ခံမှုရှိစေရန်ဆောင်ရွက်ပေးပါသည်။

ကျေးလက်ဦးစီးဌာနနှင့် ယူနီဆက်အဖွဲ့တို့သည် နွေရာသီသောက်သုံးရေ လုံလောက်ရန်အတွက် အဝီစိတွင်းတစ်တွင်းတူးခြင်းနှင့် ရေလှောင်ကန်တစ်ကန်တည်ဆောက်ပေးပါသည်။

# ကျေးရွာစီ/ထောက်ကော်မတီဖွဲ့စည်းပုံဇယား

ကျေးရွာစီထောက်ကော်မတီဥက္ကဌ

၁။ဦးမောင်လုံ

၂။ဒေါ်နုနုငယ်

ကျေးရွာစေတနာ့ဝန်ထမ်း

၁။ဦးစိုးမိုး

၂။ဂျာဇင်းတာ

စောင့်ကြည့်ကြီးကြပ်ရေး ကော်မတီ

၁။ဦးပေါလု

၂။ဒေါ်တင်လှ

လည်ပတ်ထိန်းသိမ်းရေးကော်မတီ

၁။ဦးစောသိန်း

၂။ဒေါ်မူယ

ဂယ်ယူရေးကော်မတီ

၁။ဦးရဲခေါင်

၂။ဒေါ်သန်းသန်းထွေး

ဝေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေးအဖွဲ့

၁။ဦးရှော့ကို

၂။ဒေါ်ထရေးဇာ

ငွေစာရင်းကိုင်

၁။ဦးဘရွှေ

ပါဝင်ဆွေးနွေးသူ

ကျား-၃၄

မ-၃၉

မှတ်တမ်းတင်သူ

အမည် ဦးကာပြေးလယ်

ရာထူး လူထုစည်းရုံးရေးမှူး

## ကျေးရွာအုပ်စုစီထောက်ကော်မတီဖွဲ့စည်းပုံဇယား

**ကျေးရွာအုပ်စုစီထောက်ကော်မတီဥက္ကဌ**

၁။ဦးပေတြူ

၂။ဒေါ်လှဦးဇာ

**ဘဏ္ဍာရေးဆပ်ကော်မတီ**

- ဥက္ကဌ
  - ၁။ဦးဖရိုက်
- စာရင်းကိုင်
  - ၁။ဦးအန်တောညို
- အဖွဲ့ဝင် (ငွေထိန်း)
  - ၁။ဦးမောင်လုံ

**အုပ်စုကော်မတီအဖွဲ့ဝင်များ**

၁။ဦးထွန်းအေး

၂။ဦးအောင်ကျော်ငြေး

၃။ဒေါ်မအေး

၄။ဒေါ်မာရိယာမှုသိ

၅။ဒေါ်နန်းခမ်းလီ

၆။ဒေါ်နနငယ်

၇။ဒေါ်ငယ်လေး

**ပါဝင်ဆွေးနွေးသူ**

ကျား- ၁၉ မ- ၈

**မှတ်တမ်းတင်သူ**

အမည် ဦးကာပြေးလယ် ရာထူး လူထုစည်းရုံးရေးမှူး

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | | | | | |
|---|---|---|---|---|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | | | | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးတင်မောင် | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09-780133060 | | | လူထုစည်းရုံးရေးမှူး၏ အမည် ဦးကာလမြေလယ် | | |
| ပြည်နယ်၊ ~~တိုင်းဒေသကြီး~~ ကယား | မြို့နယ် လွိုင်ကော် | | ကျေးရွာအုပ်စု ကျန်းသာ | | | ကျေးရွာ ဝါးဆောင် | |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယန်း | ၉၀ | ဘာသာ (၁) ခရစ်ယာန် | ၉၀ |
| လူမျိုးစု (၂) ဗမာ | ၁ | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ကရင်<br>ကယား | ၁<br>၁ | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ဗုဒ္ဓ/ခရစ်ယာန် | ၃ |
| | | | |
| | | | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၅ ယောက် | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၅ ယောက် | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၂၅၃ | ၂၅၈ |
| လူမျိုးစု (၁)-ကယန်း-- | ၂၄၉ | ၂၄၇ |
| လူမျိုးစု (၂)-ဗမာ- | ၂ | ၆ |
| လူမျိုးစု (၃)-ကရင်--- | ၁ | ၂ |
| ကယား | ၁ | ၃ |
| | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၈၃ | ၁၀ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☑ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☑ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း ✓ မြေသားလမ်း လူသွားလမ်း အခြား ______________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် ၂၀၁၇/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် 0.57 /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၂ မိနစ် ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန် ၂ မိနစ် ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ----------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) World Vision

(၂) မြစိမ်းရောင်

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် [signature] နေ့စွဲ 23.10.2017

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [signature] နေ့စွဲ [illegible]

ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | | | | | |
|---|---|---|---|---|---|---|---|
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကာမြေးလယ် | | | | | | | |
| နေ့စွဲ | | | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | | | |
| ပြည်နယ်/တိုင်း | ကယား | မြို့နယ် | ဖရူဆို | ကျေးရွာအုပ်စု | ကုန်းသာ | ကျေးရွာ | ဝါဒေါင် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့် နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၃.၁၀.၁၇ | ၂၃.၁၀.၁၇ | ၃၄ | ၃၉ | ၇၃ | ကယင်း (၇၃) |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၃.၁၀.၁၇ | ၂၃.၁၀.၁၇ | ၃၄ | ၃၉ | ၇၃ | ကယင်း (၇၃) |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၈.၁၁.၁၇ | ၈.၁၁.၁၇ | ၁၉ | ၈ | ၂၇ | ကယင်း (၂၂) ပအိုဝ် (၅) |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | \| |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး<br>၇.၁။ အစည်းအဝေး ပထမအကြိမ်<br>၇.၂။ အစည်းအဝေး ဒုတိယအကြိမ်<br>၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | | | | |
|---|---|---|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကာလမြလယ် | | | | | | |
| နေ့စွဲ ၁၃ ◦ ၁၀ ◦ ၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | | | |
| ပြည်နယ်/တိုင်း ကယား | | မြို့နယ် လွိုင်ကော် | ကျေးရွာအုပ်စု ကျုံးသာ | ကျေးရွာ ဝါဒေဒေ | | |

 က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ ✓ | - ကျောင်းနေကလေးများ လမ်း[illegible]ခြင်း | ၁ ✓ | - မိုးရာသီတွင် သွားလာရန်ခက်ခဲခြင်း |
| ၂ | - လူထုအားလုံးပါဝင်ဆွေးနွေးနိုင်သော နေရာ မရှိခြင်း | ၂ ✓ | - ကျောင်းနေကလေးများ လမ်း[illegible]ခြင်း |
| ၃ ✓ | - မိုးရာသီတွင် သွားလာရန်ခက်ခဲခြင်း | ၃ | - ရောဂါဝေဒနာသည်များကို ကြိုတင်ကာကွယ်တတ်ခြင်း |
| ၄ | - အရေးပေါ်အခြေအနေ၌ အချိန်မှီ မကုသနိုင်ခြင်း | ၄ | - စားဝတ်နေရေး အဆင်မပြေခြင်း |
| ၅ | - ကလေးငယ်တိုင်း ကျောင်းမတက်ရောက်နိုင်ခြင်း | ၅ ✓ | - စိုက်ပျိုးရေးတွင် အထွက်နှုန်း နည်းခြင်း |
| ၆ ✓ | - ကျန်းမာရေးနှင့် အားကစား မလုပ်ကိုင်နိုင်ခြင်း | ၆ | - အလုပ်အကိုင် ရှားပါးခြင်း |
| ၇ | - မီးပျက်လျှင် အချိန်ကြာ နှင့် [illegible]ဖြစ်ပေါ်ခြင်း | ၇ | - ကျန်းမာရေးနှင့် ပတ်သက်၍ ညစ်ညမ်းမှုရှိခြင်း |
| ၈ ✓ | - သင်္ချိုင်း အတွက် နေရာ နည်းခြင်း | ၈ ✓ | - အားကစား မလုပ်ကိုင်နိုင်ခြင်း |
| ၉ | | ၉ | |
| ၁၀ | | ၁၀ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | - ကျောင်းနေကလေးများ [illegible]ဖြင့် တက်ရောက်နိုင်ရန် | ၁ | - မိုးရာသီတွင် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် |
| ၂ | - အစည်းအဝေးဆွေးနွေးမှုများ အဆင်ပြေစွာ ပြုလုပ်နိုင်ရန် | ၂ | - ကျောင်းနေကလေးများ [illegible]ဖြင့် တက်ရောက်နိုင်လာရန် |
| ၃ | - အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် | ၃ | - ကျန်းမာရေးဆိုင်ရာ အသိပညာ သိရှိလာရန် |
| ၄ | - ကလေးငယ်တိုင်းမှ ကျောင်းတက်ရောက်နိုင်ရန် | ၄ | - မိသားစု ဝင်ငွေတိုးပြီး စားဝတ်နေရေး အဆင်ပြေလာရန် |
| ၅ | - ကျန်းမာရေးကောင်းမွန်ရန် အတွက် အားကစားများ လုပ်ကိုင်နိုင်ရန် | ၅ | - မျိုးကောင်းမျိုးသန့် ထောက်ပံ့ခြင်းဖြင့် အထွက်တိုးရန် |
| | | ၆ | - အလုပ်ကိုင်မှု၊ [illegible] ထားရှိနိုင်ပါက |
| | - ရွာသားကိုယ်တိုင် လျှပ်စစ်မီးကိုင်တွယ်တတ်ရန် | ၇ | - ကျန်းမာရေးနှင့် ပတ်သက်၍ ညစ်ညမ်းမှု လျော့ချလာရန် |
| | သက်ဆိုင်ရာ လျှပ်စစ်ပညာရှင်မှ သင်တန်းပေးခြင်း | ၈ | - ကျန်းမာရေးအတွက် အားကစားလုပ်ကိုင်နိုင်ရန် |
| | - စိုက်ပျိုးရေး နည်းပညာ သင်တန်းပေးခြင်း၊ | ၉ | |
| | မျိုးကောင်းမျိုးသန့် ထောက်ပံ့ပေးခြင်း | ၁၀ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | အစည်းဝေးခန်းမဆောင်ဆောက်ခြင်း | အမျိုးသား | | |
| ၂ | ရွာတွင်းကျောက်ချောလမ်းခင်းခြင်း | အမျိုးသား+အမျိုးသမီး | | |
| ၃ | ကျောင်းခြံစည်းရိုးကာခြင်း | ။ | | |
| ၄ | ရွာအားကစားကွင်းပြုပြင်ခြင်း | ။ | | |
| ၅ | ကျောင်းအားကစားကွင်းပြုပြင်ခြင်း | ။ | | |
| ၆ | ရွာတွင်းတံတားတည်ဆောက်ခြင်း | ။ | | |
| ၇ | | | | |
| ၈ | | | | |

ယ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | လျှပ်စစ်မီးယူဆောင်ပေးသင့်တယ် | အမျိုးသား | |
| ၂ | ကျန်းမာရေးအသိပညာပေးခြင်း | အမျိုးသမီး | |
| ၃ | [illegible]ဆရာ၊ဆရာမထောက်ပံ့ပေးခြင်း | အမျိုးသား | |
| ၄ | အမှိုက်သိမ်းစနစ်ပြုပြင်ခြင်း | အမျိုးသမီး | |
| ၅ | အလုပ်ကိုင်အခွင့်အလမ်း | အမျိုးသမီး | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---[illegible]--- လက်မှတ် ---[illegible]--- နေ့စွဲ ---၂၃.၁၀.၂၀၁၇---

"ကုန်းသာကျေးရွာအုပ်စု ၊ ဝါးဆောင်ကျေးရွာ လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်း

အတွက် ပ ကြိမ် နှင့် ဒု ကြိမ် ကျေးရွာအစည်းအဝေး ပြုလုပ်ခြင်း"

နေ့ရက် ။ ။ ၂၃.၁၀.၂၀၁၇

နေရာ ။ ။ ဓမ္မာရုံ ~~[illegible]~~

အချိန် ။ ။ နံနက် (၉:၀၀)နာရီမှ မွန်းလွဲ ၂:၀၀နာရီထိ

## အစည်းအဝေး အစီအစဉ်

၁။ အဖွင့်နှုတ်ဆက်ခြင်း နှင့် ~~အဖွဲ~~ ကျေးရွာအုပ်ချုပ်ရေးမှူး မှ အဖွင့်အမှာစကားပြောကြားခြင်း

၂။ စီမံကိန်း မိတ်ဆက်ခြင်း

၃။ စီမံကိန်း စက်ဝန်း ပြန်လည်ရှင်းလင်း တင်ပြခြင်း

၄။ ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ ပြန်လည် အတည်ပြုရွေးချယ်ခြင်း

၅။ လူမှုဆန်းစစ်ချက်များ ပြန်လည်သုံးသပ်ခြင်း

၆။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြန်လည်သုံးသပ်ခြင်း နှင့်အတည်ပြုရွေးချယ်ခြင်း

၇။ အကာအကွယ်များ ၊ အကျုံးဝင်/မဝင်လုပ်ငန်းများ ပြန်လည်ရှင်းလင်းတင်ပြခြင်း

၈။ ကျေးရွာစီ/တောက် ဥက္ကဋ္ဌ မှ တစ်ဦး မှ ကျေးဇူးတင်စကား ပြောကြားခြင်း နှင့် အစည်းအဝေး ပိတ်သိမ်းခြင်း

အစီအစဉ်(၁) ။ "ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကား ပြောကြားခြင်း" ။

- ယနေ့အစည်းအဝေးသည် လူထုဗဟိုပြုစီမံကိန်း၏ ဒုတိယနှစ်ရောက်ရှိ
- ယခင်နှစ်က ရေလှောင်ကန် နှင့် ပိုက်ဖြန့်ဖြူးခြင်းကို ဆောင်ရွက်ပြီးစီးခဲ့
- ယခုနှစ်မှာ ကျေးရွာသို့ ဘာဆောင် လုပ်နိုင် လုပ်မလား ဆိုတာ အားလုံး ပါဝင်ဆွေးနွေးပေးရန်
- အစည်းအဝေးကို အစ၊ အလယ်၊ အဆုံး ထိ သည်းခံ စိတ်ရှည်ပြီး နားထောင်ခြင်း၊ ပါဝင်ဆွေးနွေးခြင်း တွေ အတူတကွ ဆောင်ရွက် ပေးဖို့ ပြောကြားသွားခဲ့ပါသည်။

အစီအစဉ်(၂) ။ "စီမံကိန်း မိတ်ဆက်ခြင်း" ။

- လူထုစည်းရုံးရေးမှူး ဦးကာဖြေးလယ်မှ စီမံကိန်း မိတ်ဆက်ခြင်းကို ဦးဆောင် ရှင်းလင်း တင်ပြခဲ့ပါသည်။

အစီအစဉ်(၃) ။ "စီမံကိန်းစက်ဝန်း၊ ပြန်လည်ရှင်းလင်းတင်ပြခြင်း" ။

- လူထုစည်းရုံးရေးမှူး ဦးကာဖြေးလယ် မှ စီမံကိန်းစက်ဝန်းအကြောင်းကို ဦးဆောင်၍ ပြန်လည်ရှင်းလင်းတင်ပြခဲ့ပါသည်။

အစီအစဉ်(၄) ။ "ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ ပြန်လည်အတည်ပြုရွေးချယ်ခြင်း"

ကျေးရွာစီ/ထောက် (က) = ဦးအောင်ကိုဝေ မောင်လုံ
(ခ) = ဒေါ်နုနုငယ်

ဝယ်ယူရေးဆပ် (က) = ဦးရဲခေါင်
(ခ) = ဒေါ်သန်းသန်းဆွေ

စောင့်ကြည့်ကြီးကြပ်ရေး အဖွဲ့ (က) = ဦးပေါလု

(မ) = ဒေါ်တင်ငွေ

လည်ပတ်ထိန်းသိမ်းရေး အဖွဲ့ (က) = ဦးစောသိန်း

(မ) = ဒေါ်မူယာ

ဝေယျာဝစ္စပြု ကော်မတီ (က) = ဦးကျော်ကို

(မ) = ဒေါ်ထားရော

စေတနာ့ဝန်ထမ်း (က) = ဦးစိုးမိုး

(မ) = ဒေါ်ဂျာဆင်းတာ

ငွေစာရင်းကိုင် (က) = ဦးဘရွှေ တို့ဖြစ်ပါသည်။

- ၄၁ ဦး အပြောင်းအလဲ ရှိပါသည်။

အပိုင်း(၅)။ ။ လူမှုဆန်းစစ်ချက်များ ပြန်လည်သုံးသပ်ခြင်း

(က) လူမှုအရေးအဖြစ်ပြဿနာများ ပြန်လည်သုံးသပ်ခြင်း

- အိမ်ခြေ တိုးလာတာ မရှိ
- တိုင်းရင်းသား (၄) မျိုးရှိ (ကယန်း၊ ကရင်၊ ဗမာ၊ ကယား)
- ရေလုပ်ဆောင်မှုတွင် နွေရာသီချိန်မှာ အနည်းငယ် ခန်းခြောက်လာ၊ ရှားပါးလာ.
- မူကြိုကျောင်း အတွက် ဆရာမလုံလောက်မှုရှိပေမဲ့လည်း လစာအပိုင်းတွင် အခက်အခဲရှိနေသေး၍ ရေရှည်တွင် မတည်မြဲခြင်း
- လမ်း၊ ပန်းဆက်သွယ်ရေးတွင် မိုးတွင်းရောက်ရင် ရေတိုက်စား၊ လမ်းချော်ခြင်း နှင့် လမ်းကြား မကောင်းနေခြင်း

- သဘာဝဘေးတွင် တောမီးလောင်ခြင်းရှိခဲ့

- ကျန်းမာရေး အဖြစ်များအချို့သည် ရာသီအကူးအပြောင်း အချိန်ဖြစ်

- စားဝတ်နေရေးတွင် အခက်ခဲရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းမှာ တောင်ယာ၊ လယ်ယာ၊ တောင်းပုလိုင်းယက်ခြင်း လုပ်ငန်းကို လုပ်ကိုင်စား သောက်ကြသည်။

(ခ) ရာသီဥတု ပြက္ခဒိန် ပြန်လည်သုံးသပ်ခြင်း

- ရာသီဥတုတွင် မိုးရာသီသည် မေလမှ နိုဝင်ဘာလထိ ဖြစ်ပြီး ကျန်သော ရာသီတွင် ပြောင်းလဲမှုမရှိပါ။

- သောက်သုံးရေ အပိုင်းတွင် မတ်လနှင့် ဧပြီလတွင်သာ ရေနည်းများပါးလာ တာတွေ့ရှိရ

- ဝင်ငွေအပိုင်းတွင် အမျိုးသမီးများသည် မေလ နှင့် ဇူလိုင်လတွင် ပေါင်း လိုက်လုပ်ငန်းမှာ ဝင်ငွေပိုမိုရရှိလာပြီး၊ ကျန်ရှိလများသည် ပြောင်းလဲ မှုမရှိပါ။

- ကျန်သော အကြောင်းအရာများသည် ပြောင်းလဲမှုမရှိပါ။

(ဂ) ဥစ္စာဓန ကြွယ်ဝမှုပြဇယား ပြန်လည်သုံးသပ်ခြင်း

- အမျိုးအစား အဆင့် နှင့် သတ်မှတ်ချက်ညွှန်းကိန်းများတွင် ပြောင်းလဲမှု မရှိပါ။
- အိမ်ထောင်စုအရေအတွက် တွင် ပြောင်းလဲမှုရှိသည်။

(၁) နွမ်းပါးအဆင့် = ၄၅ အိမ်

(၂) အတင့်အသင့် = ၃၀ အိမ်

(၃) ချမ်းသာအဆင့် = ၂၀ အိမ်

၉၅ အိမ် ဖြစ်လာပါသည်။

## (ဃ) အဖွဲ့အစည်း ချိတ်ဆက်မှုပြဇယား ပြန်လည်သုံးသပ်ခြင်း

- ယခုနှစ်မှာ ၄၁ ခုတိုးလာပါသည်။
- CDD နှင့် (DRD + Unicef) အဖွဲ့ဖြစ်သည်။
- CDD သည် ကျေးရွာလူထု၏ လိုအပ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပြီး ပံ့ပိုးကူညီဆောင်ရွက်ပေးသည်။ (အခြေခံအဆောက်အဦး၊ လမ်း၊ တံတား၊ ကျေးလက်မီးလင်းရေး၊ ရေပေးဝေရေး)
- DRD + Unicef အဖွဲ့သည် ကျေးရွာအတွင်းတွင် ကျေးရွာလူထုအတွက် အစီအစဉ်တွင်း လာရောက်ကူညီဆောင်ရွက်ပေးခဲ့သည်။ (ရေပေးဝေရေး လုပ်ငန်း)

## (င) ပင့်ကူအိမ်ဇယား ပြန်လည်သုံးသပ်ချက်

- အမွေရပိုင်ခွင့်၊ လုံခြုံမှု၊ ဦးဆောင်မှု၊ ငွေရှာ၊ လွတ်လပ်မှုအဆင့်များသည် ပြောင်းလဲမှုရှိပါ။
- ပညာရေးအဆင့်တွင် (ကျား = ၇၊ မ = ၇) အဆင့်ရောက်ရှိလာ
- အိမ်မှုကိစ္စအဆင့်တွင် (ကျား = ၄၊ မ = ၈) အဆင့် တိုးလာတာတွေ့ရ
- ဆုံးဖြတ်ပိုင်ခွင့်တွင် (ကျား = ၉၊ မ = ၄) အဆင့်[illegible]..။ ။
- ဆွေးနွေးချက်တွင် အမွေခွဲဝေရေးတွင် ဖြေရှင်းခွဲမှုကြောင့် ယခုထိ မညီမျှမှုရှိနေသေး
- ဆုံးဖြတ်ချက်ချရာတွင် လည်း အမျိုးသမီးများ ပါဝင်ခွင့်အားနည်းနေသေး
- အမျိုးသမီးများသည် အိမ်မှုကိစ္စတွင် အမျိုးသားများထက် ပိုမိုလုပ်ဆောင်နေရ"
- အိမ်မှုကိစ္စတွင်မှာ အမျိုးသားများလည်း ပါဝင်လုပ်ဆောင်လာကြပါသည်။
- လွတ်လပ်မှုမှာ အမျိုးသမီးများက အမျိုးသားများထက် လွတ်လပ်မှုနည်းသည်ကို တွေ့ရ (ကလေး ယပ်ရှိလို့၊ ကျားထက်အလုပ်ပိုလုပ်ရ။ ဘေးအန္တရာယ်ကာကွယ်ဖို့ ကျားလောက်အင်အားမရှိလို့)

(စ) ပိုင်ဆိုင်မှု ဘုံခွဲခြင်း နှင့် ထိန်းချုပ်မှုပြဇယား ပြန်လည်သုံးသပ်ချက်

- ဘုံခွဲမှုအပိုင်းတွင် အမျိုးသမီးအဖွဲ့မှ အပ်ချုပ်စက် တစ်ခုတိုးလာတာတွေ့ရ
- ကျန်သော ကျား နှင့် ကျား+မ ဘုံခွဲမှုတွင် ပြောင်းလဲမှုမရှိပါ။
- ထိန်းချုပ်မှုအပိုင်းတွင် ကျား+မ အောက်မှာ ရေ/လယ်/တံတား၊ အုတ်ကန် နှင့်ရေတိုင်ကီ တို့တိုးလာ
- 〃 〃 ကျားအောက်မှာ စီး/ဝါ/သစ်ပင်/အားကစားကွင်း သုံးခုသာ ကျန်ရှိလာ
- ထိန်းချုပ်မှုအပိုင်းတွင် မအောက်မှာ အပ်ချုပ်စက် တစ်ခုသာရှိ
- ဘုံခွဲမှုအပိုင်းတွင် (ကျား+မ) အောက်မှာ ပုံပလွေ ပါလာပြီး ထိန်းချုပ်မှုအပိုင်းတွင် (ကျား) သာ ထိန်းချုပ်ထားပါသည်။

အစီအစဉ် (၆) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြန်လည်သုံးသပ်ခြင်း နှင့်အတည်ပြုခြင်း

(က) အမျိုးသားအဖွဲ့

| ပြဿနာအခက်/ခဲ | မျှော်မှန်းချက် | ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|
| (က) ပညာရေးအပိုင်းမှာ အချိန်ပိုကြေးမပေးသွင်းနိုင်ခြင်း | - ပညာရေးထောက်ပံ့ကြေးအခွင့် ပြေမှုရရှိလာရန် | - ပညာရေးထောက်ပံ့ကျေးရရှိရန် |
| - မိဘများကကလေး၏ပညာရေးကိုအလေးပေးမှုအားနည်းခြင်း | - ကျောင်းနေကလေးများစာကျက်ဆောင်ထားရှိနိုင်ရန် | - ကျောင်းသားစာကျက်ဆောင်ဆောက်လုပ်ရန် |
| - ကျောင်းနေကလေးလုံခြုံမှုမရှိခြင်း | - ကျောင်းခြံစည်းရိုးကာနိုင်ရန်နှင့် ဘွတ်မိုးအသစ်မွမ်းမံရန် | - တာဝင်ကျောင်းခြံစည်းရိုးခတ်ရန် |
| - အစည်း/ဝေးပြုလုပ်ရန်နေရာထိုင်ခင်းလိုအပ် | - ကျေးရွာအစည်းအဝေးခန်းမဆောင်အသစ်ဆောက်လုပ်ရန် | - အစည်း/ဝေးခန်းမဆောင်အသစ်တည်ဆောက်ရန် |
| (ခ) ကျန်းမာရေးအပိုင်းတွင် လမ်းတံတားများမကောင်းသောကြောင့် သွားလာရခက်ခဲခြင်း | - ရွာကြားလမ်း နှင့် တံတားများကောင်းမွန်လာစေရန် | - ရွာကြားကျောက်ချောလမ်းခင်းရန် |
| - အားကစားကွင်းပြုပြင်ရန်လိုအပ်နေခြင်း | - မူကြိုဆရာမလစာထောက်ပံ့ကြေးရရှိလာစေရန် | - မူကြိုဆရာမလစာထောက်ပံ့ကြေးရရှိရန် |

| | | |
|---|---|---|
| (က) သဘာဝဘေး ပြဿနာများတွင် တောမီးလောင်ခြင်းမှ ကြိုတင်ကာကွယ်မှု အားနည်းနေခြင်း<br>- လျှပ်စစ်မီးဆိုင်ရာ အသိပညာ အားနည်းခြင်း | - အားကစားကွင်း ပြုပြင်ရန်<br>- မျက်ရိုတ်စက်နှင့် ရေသိုလှောင်ပုံး ရရှိရန် (မီးဘေး ကာကွယ်ရန်အတွက်)<br>- လျှပ်စစ်မီး အသိပညာရရှိရန် | - အားကစားကွင်း ပြန်လည် ပြုပြင်ရန်<br>- မျက်ရိုတ်စက် ရရှိရန်<br>- ရေသိုလှောင်ပုံး ရရှိရန်<br>- လျှပ်စစ်မီး အသိပညာပေးရန် |
| (ခ) စိုက်ပျိုးရေးပြဿနာတွင် မျိုးစေ့ (မျိုးကောင်း/သန့်) ဝယ်ယူရန်ခက်ခဲခြင်း<br>- သီးနှံများ ပိုးဖျက်ခြင်း | - သီးနှံ မျိုးကောင်း/သန့် ရရှိရန်<br>- ပိုးသတ်ဆေးနှင့် ဖျန်းပုံး ရရှိရန် | - သီးနှံ မျိုးကောင်း/သန့် ရရှိရန်<br>- ပိုးသတ်ဆေးနှင့် ဖျန်းပုံး ရရှိရန် |
| (ဂ) စားဝတ်နေရေး ပြဿနာတွင် လယ်ယာမြေ ပိုင်ဆိုင်မှုမရှိခြင်း/ နည်းခြင်း<br>- စီးပွားရေး အသိပညာ အားနည်း<br>- ပုံမှန် ဝင်ငွေမရှိ<br>- ဝင်ငွေမကောင်းသောကြောင့် မူကြိုဆရာမ လစာပေးရာတွင် အခက်အခဲ ရှိခြင်း | | |

(ခ) အမျိုးသမီးအဖွဲ့

| ပြဿနာ/အခက်အခဲ | မျှော်မှန်းချက် | ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|
| (က)- ပညာရေးအပိုင်းတွင် ကလေးများကျောင်းထွက်နှုန်းများခြင်း<br>- စာသင်ကျောင်း ခြံစည်းရိုး [illegible] မှုမရှိခြင်း<br>- ကလေးများအတွက် ကစားကွင်း မရှိခြင်း<br>- ကလေးများအတွက် မိဘများက ကျောင်းဆက်မတက်ပဲ နိုင်ခြင်း | - ပညာရေးထောက်ပံ့ကြေး ရရှိလာရင် ရပ်ရွာရှိ ကလေးများ ကျောင်းထွက်နှုန်း နည်းပြီး အားကိုး/ထားရသော သား/သမီးကောင်းရတနာ ဖြစ်လာနိုင်ကြောင်း<br>- စာသင်ကျောင်း ခြံစည်းရိုး ဆက် ရင်ကလေး | - လမ်း ပြုပြင်ရန် (ကျောက်ချောလမ်း)<br>- တံတား ပြန်လည်ပြုပြင်ရန် (ကွန်ကရစ်)<br>- စာသင်ကျောင်း ခြံစည်းရိုး ကာရံခြင်း (အုတ်တံတိုင်း) |

- ကလေးငယ်တွေကို ကလေးကြိုးနဲ့ချည်ထား၍ မိဘများ ကတောင်ယာသွားအိပ်ရခြင်း
- ကျောင်းအသုံးအဆောင်/သင်ထောက်ကူပစ္စည်း မလုံလောက်ခြင်း

(ခ) ကျန်းမာရေးပြဿနာတွင် ရေကောင်းရေသန့် မရှိခြင်း၊

- လမ်းကြားတွင် လမ်းမကောင်းခြင်း
- ကျန်းမာရေးအသိပညာနည်းသောကြောင့် ဝမ်းပျက်/ဝမ်းလျှောဖြစ်ခြင်း၊ နှာစေးချောင်းဆိုး အဖျားဖြစ်များခြင်း
- ကျန်းမာရေးကုသမှု ဆိုက်မရှိခြင်း

(ဂ) စိုက်ပျိုးရေးပြဿနာတွင် နည်းပညာပိုင်းအားနည်းခြင်း

- လုပ်ငန်းအတွက်အရင်းအနှီးမရှိခြင်း (အကြွေးယူရခြင်း)
- ဝင်ငွေတိုးလုပ်ငန်း မလုပ်ကိုင်တတ်ခြင်း၊
- လယ်ယာအငှားစားလုပ်ကိုင်ရခြင်း၊
- မျိုးစေ့ဝယ်ရန်ခက်ခဲခြင်း
- မြေဩဇာမဝယ်နိုင်ခြင်းနှင့် မျိုးကောင်း/သန့်မရှိခြင်း
- အလုပ်အကိုင်ပြဿနာတွင် ဝင်ငွေနည်းခြင်း
- အလုပ်ကြမ်း တစ်ရက်လုပ် တစ်ရက်စား

များအတွက် ကျောင်းဆောက်ပို ဘော်ဆောင်ရွာ သင်ကြားနိုင်မည့်ကျောင်း

- လမ်းကြား ငှာလမ်းကောင်းမွန်လာစေရန်
- ကျန်းမာရေးဟောပြောပွဲ ပြုလုပ်ရန်
- မျိုးကောင်း/သန့်ရှိရန်
- နည်းပညာနှင့်ပတ်သက်သော သင်တန်းပြုလုပ်ပေးရန်
- အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်လာစေရန်/ဖန်တီးပေးလာနိုင်ရန်
- ~~တစ်ခြားဝင်ငွေ~~ စိုက်ပျိုးရေး အပြင် တစ်ခြားဝင်ငွေကိုလုပ်ငန်းများပြုလုပ်ရန်
- ရပ်ရွာအတွက် အမှိုက်သိမ်းစနစ်ရှိလာရင် လူထုများရဲ့ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ရဲ့ ညစ်ညမ်းမှုကို လျှော့ချနိုင်ရန်

- အလုပ်အကိုင်အခွင့်အလမ်း ရှိရန်
- ကလေးများအတွက် ညစာကြည့်ဝိုင်း ပြုလုပ်ရန်
- ကျန်းမာရေးအသိပညာပေး ဟောပြောပွဲ/ဆွေးနွေးပွဲ ပြုလုပ်ပေးရန်
- အားကစားကွင်း ပြုလုပ်ရန် (ဘော၊ ဒိုင်း၊ ဘော်လီဘောကွင်း၊ ခြင်းလုံးကွင်း၊ ရေကူးကန်)
- အမှိုက်သိမ်းစနစ် ပြုလုပ်ရန် (အမှိုက်ပုံး၊ ဂေါ်နီအိတ်)

• ရွာတွင်း အမှိုက်စွန့်နေရာမရှိ
ခြင်းကြောင့် ကျန်းမာရေး နှင့်
ပတ်ဝန်းကျင် ညစ်ညမ်းမှုတွေ
ဖြစ်စေခြင်း ၊ အဓိက ကျန်းမာ
ရေးကို ပိုမိုထိခိုက်လာနိုင်

ဒုတိယ ၅ နှစ်စက်ဝန်းအတွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ အစည်း/ဝေးခန်းမဆောင် အသစ်တည်ဆောက်ခြင်း (က) ဦးစားပေးအဆင့် ①

၂။ လမ်းပြုပြင်ခြင်း (ကျောက်ချောလမ်း) (က+ခ) 〃 ②

၃။ စာသင်ကျောင်း ခြံစည်းရိုးခတ်ခြင်း (အုတ်တံတိုင်း) (က+ခ) 〃 ③

၄။ စာကျက်ဆောင် တည်ဆောက်ခြင်း (က+ခ) 〃 ④

၅။ ရွာသုံး အားကစားကွင်း ပြုပြင်ခြင်း (က) 〃 ⑤

၆။ ကျောင်း 〃 ဆုပ်ခြင်း (ခ) 〃 ⑥

၇။ လျှပ်စစ်နည်းပညာ သင်တန်းပေးခြင်း (က) 〃 ⑦

၈။ တံတား ပြုပြင်ခြင်း (ကွန်ကရစ်) (က+ခ) 〃 ⑧

၉။ ကျန်းမာရေး အသိပညာပေး ဟောပြောပွဲ (က+ခ) 〃 ⑨

၁၀။ မြက်ရိတ်စက် ထောက်ပံ့ပေးရန် (က) 〃 ⑩

၁၁။ အမှိုက်သိမ်းစနစ် ပြုလုပ်ပေးရန် (ခ) 〃 ⑪

၁၂။ မူကြိုဆရာမ ခန့်ထားပေးရန် (က) 〃 ⑫

၁၃။ အလုပ်/ကိုင် အခွင့်အလမ်း ဖန်တီးပေးရန် (ခ) 〃 ⑬

အစီအစဉ် (ဂ) ။ ။ အကာအကွယ်များ၊ အကျိုးဝင်/မဝင်လုပ်ငန်းများဖြန့်ချိ ရှင်းလင်းပေးခြင်း

လက်တောက်နည်းပညာအဖွဲ့ ဒေါ်မူကိုင် မှ အကာ/ကွယ်များ၊ အကျိုးဝင်/မဝင်လုပ်ငန်းများ အကြောင်း နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ် ရေးဆွဲခြင်း (EMP) ကို လိုအပ် လာပါက ရေးဆွဲရန် လိုအပ် ကြောင်း ရှင်းလင်းပြောကြားသွားခဲ့ပါသည်။

အစီအစဉ် (စ) ။ ။ ကျေးရွာစီ/တောက် ဥက္ကဋ္ဌ မှ တစ်ဦး မှ ကျေးဇူးတင်စကားပြော ကြားခြင်း နှင့် အစည်းအဝေး ပိတ်သိမ်းခြင်း

- ကျေးရွာစီ/တောက် ဥက္ကဋ္ဌ မှ ဦးအောင်ကိုမောင်လုံမှ ကျေးဇူးတင်စကား ပြောကြားခဲ့

- ဆောက်လုပ်မှုများ နှင့် အစည်းအဝေး များ ပြုလုပ်ရာတွင်လည်း အားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးဖို့

- ယခုလို အချိန်ပေးပြီး အစည်း/ဝေး အတွက် ဆောင်ရွက်ပေးသော ဆရာ/ဆရာမများ၊ အစည်း/ဝေးမှာ တက်ရောက်လာကြသော အုပ်ချုပ်ရေးမှူး နှင့် ကျေးရွာသူ/သားအားလုံး တို့ကို ကျေးဇူးတင်ရှိပါ ကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါသည်-

- အစည်းအဝေး ကို မွန်းလွဲ (၁၂:၀၀) နာရီတွင် ပြီးမြောက်အောင်မြင်စွာ ပြုလုပ်ခဲ့ပါသည်။

အစည်း/ဝေးတက်ရောက်သူ (ကျား) =

(မ) =

စုစုပေါင်း =

ကျေးရွာစီ/တောက်

ဦးအောင်ကိုမောင်

# ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအနစ်ချုပ် မူရင်းအား VPSC တွင် ထားရှိရပါမည်။ အခြားဌာနဆိုင်ရာများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။ MIS Data အဖြစ်သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | ဦးစားပေး | လ/နှစ် | ကျေးရွာမှ တာဝန်ခံသူ(သို့) အုပ်စု | ပြင်ပမှ မည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ကျောက်ချောလမ်း | မ ( √ )<br>ကျား (√ ) | | | |
| | ၂ | ခန်းမဆောင် တည်ဆောက်ခြင်း | မ ( √)<br>ကျား(√ ) | | | |
| | ၃ | တံတားတည်ဆောက်ခြင်း | မ ( √ )<br>ကျား( √ ) | | | |
| | ၄ | စာကြည့်တိုက် တည်ဆောက်ခြင်း | မ (√ )<br>ကျား(√ ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/ စီးပွားရေး | ၁ | လျှပ်စစ်မီးပညာ သင်တန်း | မ ( )<br>ကျား(√) | | | |
| | ၂ | အလုပ်အကိုင် အခွင့်အလမ်း | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့် ပညာရေး | ၁ | ကျန်းမာရေး အသိပညာပေးသင်တန်း | မ( √ )<br>ကျား( ) | | | |
| | ၂ | | မ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အားကစား | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ပညာရေး | ၁ | ကျောင်းခြံစည်းရိုး | မ (√ )<br>ကျား(√ ) | | | |
| | ၂ | စာကျက်ဆောင်<br>တည်ဆောက်ခြင်း | မ (√ )<br>ကျား(√ ) | | | |
| | ၃ | စာသင်ကျောင်း<br>အားကစားကွင်း | မ ( √ )<br>ကျား(√ ) | | | |
| | ၄ | မူကြိုဆရာမ | မ ( )<br>ကျား( √ ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အခြား | ၁ | မြက်ရိတ်စက် | မ (√ )<br>ကျား( √) | | | |
| | ၂ | အမှိုက်သိမ်းစနစ်<br>ပြုလုပ်ခြင်း | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |

# ဦးစားပေးလုပ်ငန်းအကျဉ်းချုပ်ဇယား

| စဉ် | လုပ်ငန်းအမည် | ဦးစားပေးအဆင့် | အဆိုပြုသူ ( ကျား) | အဆိုပြုသူ (မ) | အဆိုပြုသူ ( ကျား+မ) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ခန်းမဆောင်တည်ဆောက်ခြင်း | ၁ | | | √ | |
| ၂။ | ကျောက်ချောလမ်း | ၂ | | | √ | |
| ၃။ | ကျောင်းခြံစည်းရိုး | ၃ | | | √ | |
| ၄။ | စာကျက်ဆောင် တည်ဆောက်ခြင်း | ၄ | | | √ | |
| ၅။ | စာကြည့်တိုက် တည်ဆောက် ခြင်း | ၅ | | | √ | |
| ၆။ | ရေစာသင်ကျောင်းအားကစားကွင်း ဆောက်ခြင်း | ၆ | | | √ | |
| ၇။ | လျှပ်စစ်မီးပညာပေးသင်တန်း | ၇ | √ | | | |
| ၈။ | တံတားတည်ဆောက်ခြင်း | ၈ | | | √ | |
| ၉။ | ကျန်းမာရေး အသိပညာ ပေး သင်တန်း | ၉ | | √ | | |
| ၁၀။ | မြက်ရိတ်စက် | ၁၀ | √ | | | |
| ၁၁။ | အမှိုက်သိမ်းစနစ်ပြုလုပ်ခြင်း | ၁၁ | | √ | | |
| ၁၂။ | မူကြိုဆရာမ | ၁၂ | √ | | | |
| ၁၃။ | အလုပ်ကိုင်အခွင့်အလမ်း | ၁၃ | √ | | | |

**ပါဝင်ဆွေးနွေးသူ -**

ကျား - ၃၄

မ - ၃၉

**မှတ်တမ်းတင်သူ**

အမည်- ဦးကာပြေးလယ်

ရာထူး -လူထုစည်းရုံးရေးမှူး

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ



